# MPRL E&P Pte Ltd.

# ဒေသခံလူထုနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်



Myanma Oil & Gas Enterprise

M.O.G.E.

MPRL E&P

မန်းရေနံမြေမှ အကြံပြု ဆွေးနွေးခြင်းဖြစ်စဉ်များ မှတ်တမ်း



# ၁။ မိတ်ဆက်ခြင်း

MPRL E&P သည် IFC စံနှုန်းများနှင့်အညီ Operational Grievance Mechanism ဟု ခေါ်သည့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်တစ်ခုကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းအကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် ဒေသခံလူထုအနေနှင့် မိမိတို့၏ စိုးရိမ်ပူပန်မှုများ၊ ကျေနပ်မှုမရှိသည့်ကိစ္စရပ်များကို ထိရောက်စွာဖြေရှင်းပေးနိုင်ရေးအတွက် ကုမ္ပဏီနှင့် ဆွေးနွေး ညှိနှိုင်းနိုင်သော နည်းလမ်းတစ်ခု ဖြစ်ပါသည်။

ထို့ကြောင့် MPRL E&P ၏ ဦးတည်ချက်သည် ဒေသခံလူထုအနေနှင့် ကုမ္ပဏီသို့ တိုက်ရိုက်ပြောဆိုဆွေးနွေးနိုင်ပြီး၊ ကုမ္ပဏီအနေနှင့်လုပ်ငန်းဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့်သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် အကျိုးသက်ရောက်မှုများကို ထိရောက်စွာလျော့လာစေဘို့ကြည့်ပြီး ကိုင်တွယ်ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။

Stakeholder များဖြစ်သော ဒေသခံလူထုနှင့် အကျိုးဖြစ်ထွန်းသော မိတ်ဖက်ဆက်ဆံရေး တည်ထောင်နိုင်ရန်အတွက် အဓိကတွန်းအားသည် ဒေသခံလူထုထံမှ လူမှုရေးဆိုင်ရာ ခွင့်ပြုချက်ရရှိခြင်းပင် ဖြစ်ပါသည်။




## ၁.၁။ ဦးတည်ချက်များ

MPRL E&P သည် ဦးတည်ချက်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

- လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်လိုသည့်ကိစ္စများကို ထိရောက်စွာ လက်ခံဆောင်ရွက်နိုင်ရန် လုံခြုံစိတ်ချရသည့် စနစ်တစ်ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- စိုးရိမ်ပူပန်မှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို လျှော့ချရာတွင် MPRL E&P နှင့် ဒေသခံလူထုအကြား မိတ်ဖက်ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက်ခြင်းဖြင့် အတူတကွ ပူးပေါင်း ဆောင်ရွက်ရန်။
- ဒေသခံများတွင် သီးခြားဆွေးနွေးရမည့် အကြံပြုချက်များရှိပါက လုံခြုံစိတ်ချစွာ လက်ခံဆွေးနွေး ဆောင်ရွက်ရန်။
- အကြံပြုဆွေးနွေးသူများ၏ သဘောထားအမြင်များကို လေးစားပြီး ခွဲခြားဆက်ဆံခြင်း မပြုရန်။








# ၂။ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေနေ

- အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မန်းရေနံမြေရှိ ကျေးရွာပေါင်း (၁၄) ရွာအနက် ကျေးရွာ (၃) ခုတွင်စတင် မိတ်ဆက်ပြီး စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ဒေသခံလူထုအနေဖြင့် အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ဆွေးနွေးနိုင်မည့် နည်းလမ်းနှင့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိနားလည်နိုင်စေရန် သတင်းအချက်အလက်များ မျှဝေနိုင်ခဲ့ပါသည်။ (၂၀၁၄ ခုနှစ် ဧပြီလ မှ ဇွန်လ)

- ၂၀၁၄ ခုနှစ် ဇူလိုင်လ ---- အခြားကျေးရွာများတွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းအစီအစဉ်များကို စတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

- ဒေသခံလူထု ဗဟုသုတ ပိုမိုရရှိစေရန် သတင်းအချက်အလက်၊ အသိပညာပေးရေးနှင့် လူမှုဆက်သွယ်ရေး လုပ်ငန်းသုံး ပစ္စည်းများဖြစ်သည့် ဆိုင်းဘုတ်များ၊ ဗီနိုင်းကြော်ငြာများ၊ လက်ကမ်း စာစောင်နှင့် ကာတွန်းများကို အသုံးပြု ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၄ ခုနှစ် ၊ အောက်တိုဘာလ)

- MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အား ပိုမိုကောင်းမွန်စေရန် ယင်းလုပ်ငန်းစဉ်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို စနစ်တကျ စိစစ်သုံးသပ်ခဲ့ပါသည်။ (၂၀၁၄ ခုနှစ် ၊ ဒီဇင်ဘာလ)

- ထိုသို့ စိစစ်သုံးသပ်မှုများကို အခြေခံ၍ MPRL E&P ၏ ဝန်ထမ်းများနှင့် ရေနံမြေမန်နေဂျာများအား ဆွေးနွေး ဖြေရှင်းမှုများ အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်မည့် နည်းလမ်းနှင့် သင်တန်းများ ပို့ချနိုင်ခဲ့ပါသည်။ (၂၀၁၅ ခုနှစ် ၊ ဖေဖော်ဝါရီလ)

- MPRL E&P သည်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကိုစောင့်ကြည့်ရန်နှင့် တိုင်းတာရန် အရေးကြီး စွမ်းဆောင်ရည်ပြအညွှန်းကိန်းများ (Key Performance Indicators / KPIs) သတ်မှတ် ဆောင်ရွက်ခဲ့ပါသည်။ (၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ)

- ဒေသခံစေတနာလုပ်အားပေးများသည် ဒေသခံလူထုသို့ သတင်းအချက်အလက် ဖြန့်ဖြူးပေးရန်နှင့် ဒေသခံလူထု၏ ဗဟုသုတ တိုးမြင့်စေရန် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း သင်တန်းဆရာများမှတဆင့် သင်တန်းများရရှိခဲ့ပါသည်။ (မေလ ၂၀၁၅ ခုနှစ်) ၎င်းတို့သည် ကျေးရွာများအားလုံးရှိ အိမ်ထောင်စုဝင် အနည်းဆုံး(၅၀)ရာခိုင်နှုန်းကို အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ် အကြောင်း အသိပညာပေးလျက်ရှိပါသည်။

- အိမ်ထောင်စု (၄၂၀) ၏ ဗဟုသုတ၊ သဘောထားနှင့် လက်တွေ့ဆောင်ရွက်မှုစစ်တမ်းတစ်ခု (Knowledge, Attitude and Practice Survey) ကို လုပ်ဆောင်ကာ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့် ပတ်သက်သော ဒေသခံလူထု၏ နားလည်သဘော ပေါက်မှုနှင့် သဘောထားများ၊ ဆက်လက်၍ လက်တွေ့ဆောင်ရွက်မှုနှင့် လက်ရှိကြုံတွေ့နေရသော အတားအဆီးများအကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ (ဇူလိုင်လ - စက်တင်ဘာလ ၂၀၁၅ ခုနှစ်)

- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် MOGE မှ ဝန်ထမ်း ၁၀ ယောက်နှင့် စေတနာ့လုပ်အားပေး ၅၄ ယောက်တို့သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း သင်တန်းရရှိသည်။ ကျေးရွာ (၁၄) ရွာမှ အိမ်ထောင်စုပေါင်း (၂၇၆၆) စုအတွက် ဒေသခံစေတနာ့ဝန်ထမ်းများမှတဆင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်အကြောင်း အသိပညာပေး သင်တန်းပေါင်း (၅၅၂)ခု ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ (မေလ ၂၀၁၅ ခုနှစ် - ဒီဇင်ဘာလ ၂၀၁၇ ခုနှစ်)

| အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော အသိပညာဖြန့်ဝေပေးခြင်းဆွေးနွေးပွဲတက်ရောက်သူဦးရေ (ဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈) | | အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းဆွေးနွေးပွဲ (မေ ၂၀၁၅ - ဒီဇင်ဘာ ၂၀၁၇) |
|---|---|---|
| MOGE ဝန်ထမ်း | စေတနာ့ ဝန်ထမ်း | ဒေသခံလူမှုအဖွဲ့အစည်း |
| ၁၆ | ၅၄ | ၅၅၂ |

| အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်နှင့်ပတ်သက်သော သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းဆွေးနွေးပွဲ (အောက်တိုဘာလ - ဒီဇင်ဘာလ ၂၀၁၇) | | | | |
|---|---|---|---|---|
| ဆွေးနွေးပွဲအကြိမ်ရေ | အိမ်ထောင်စု | ကျေးရွာ | အချိန် | လွှမ်းခြုံမှု |
| ၂ | ၄၀ | ၂ | ၁.၅ | ၁ |

MPRL E&P Pte Ltd. | Myanma Oil & Gas Enterprise

# ၂.၁။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

## မန်းရေနံမြေတွင်အသိပညာဖွံ့ဖြိုးမှု မြှင့်တင်ရေးလှုပ်ရှားမှု

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းများကို စိတ်ပါဝင်စားပြီး သိရှိနားလည်ရန်နှင့် ယုံကြည်မှုရှိရန် ရည်ရွယ်၍ မန်းရေနံမြေ ရှိ ရွေးချယ်ခံလူမှုအသိုက်အဝန်းအဖွဲ့များအား အကြံပြုဆွေးနွေးခြင်း လုပ်ငန်းစဉ်ဆိုင်ရာ (အောက်ဖော်ပြပါ) အဆင့်နှစ်ဆင့်ပါဝင်သည့် အသိပညာဖွံ့ဖြိုးမှုမြှင့်တင်ရေးလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၏ ယခုသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည်။ ယင်းသို့ဆောင်ရွက်ရာတွင် ၂၀၁၅တွင် ပြုလုပ်ခဲ့သော သိရှိမှု၊ သဘောထားနှင့်လက်တွေ့လုပ်ဆောင်မှု (KAP) စစ်တမ်းမှ ကောက်ခံရရှိသောအချက်အလက်များမှအခြေခံ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

မန်းရေနံမြေရှိဒေသခံရွာ (၁၄)ရွာအနက်မှ အိမ်ထောင်စုပေါင်း(၄၂၀)အား ရိုးစင်းသည့်ကျပန်းစနစ် နမူနာပုံစံ (SRS) နည်းလမ်းဖြင့် ကောက်ခံရရှိသော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။




(၁) အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို မသိရှိသူ ၄၀% ရှိခြင်း၊

(၂) အကြံပြုစာတွင်ပါဝင်သည့်အခြေခံအချက်နှစ်ချက်မျှ အမည်ပြောနိုင်ခြင်း၊ အကြံပြုစာ တင်ပြပုံနည်းလမ်း တစ်မျိုးမျိုးကို သိရှိခြင်းနှင့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ အခြေခံ ဆောင်ရွက်ချက်ကို သိရှိသူ ၅၀ % ရှိခြင်း၊

(၃) နစ်နာမှုများကို အောက်ပါအတိုင်း အကြမ်းဖျဉ်း သတ်မှတ်ခြင်း။
- (က) သီးနှံပျက်စီးခြင်း
- (ခ) ရေနံနှင့် စွန့်ပစ်ရေဖိတ်စင်ခြင်း
- (ဂ) မြေဆီလွှာပျက်စီးခြင်း
- (ဃ) လျှပ်စစ်အန္တရာယ်ကျရောက်ခြင်း

(၄) အကြံပြုချက်များအပေါ် တုံ့ပြန်ချက်ရရှိမှုနှင့် ထိရောက်စွာဖြေရှင်းပေးနိုင်မှုအပေါ် ယုံကြည်မှုနည်းပါးသူ **၁၀%** ရှိခြင်း၊

(၅) လူမှုအသိုက်အဝန်းများ အနေဖြင့် အသိပညာရရှိနိုင်မည့် အဓိကအရင်းအမြစ်ကို ပိုစတာ၊ လက်ကမ်းစာစောင်နှင့် အသိပညာပေးဆိုင်းဘုတ်များမှလည်းကောင်း၊ ဒုတိယအရင်းအမြစ်အဖြစ် ကျေးရွာစေတနာ့ဝန်ထမ်းများမှ လည်းကောင်း၊ တတိယအရင်းအမြစ်အဖြစ် ကျေးရွာအုပ်ချုပ်ရေးမှူးများမှ သိရှိခြင်း၊

| | ဒေသခံလူမှုအဖွဲ့အစည်း | တက်ရောက်သူဦးရေ | အကြိမ်ရေ |
|---|---|---|---|
| အဆင့် ၁ | မယ်ဘော့ကုန်း | ၉၈ | ၅ |
| | နန်းဦး | ၇၁ | ၄ |
| | ရွာသာ | ၂၀၃ | ၄ |
| | မကြီးချောင်း | ၁၂၂ | ၅ |
| | စုစုပေါင်း | ၄၉၄ | ၁၈ |

| | ဒေသခံလူမှုအဖွဲ့အစည်း | တက်ရောက်သူဦးရေ | အကြိမ်ရေ |
|---|---|---|---|
| အဆင့် ၂ | လက်ပတော | ၈၁ | ၂ |
| | အေးမြ | ၉၆ | ၃ |
| | လေးအိမ်တန်း | ၁၁၀ | ၄ |
| | အောက်ကျောင်း | ၆၇ | ၁ |
| | စုစုပေါင်း | ၃၅၄ | ၁၀ |

## အကြံပြုဆွေးနွေးခြင်းလှုပ်ရှားမှု၏ ရည်မှန်းချက်

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ MPEL E&P နှင့် မန်းရေနံမြေရှိ ကျေးရွာလူမှုအသိုက်အဝန်း (၁၄) ခုတို့၏ ထိတွေ့လုပ်ကိုင်ဆောင်ရွက်မှု တိုးတက်စေရန်။


## အကြံပြုဆွေးနွေးခြင်းလှုပ်ရှားမှု၏ ရည်ရွယ်ချက်

- အကြံပြုဆွေးနွေးခြင်းလုပ်ငန်းကို ကျေးရွာလူမှုအသိုက်အဝန်း၏ ၃၀% အထိ တိုးမြှင့် သိရှိနားလည်နိုင်ရန်။
- အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို အသုံးပြုသော အကြံပြုသူ အရေအတွက် ၃၀% အထိ တိုးမြှင့်နိုင်ရန်။
- သက်ဆိုင်ပါဝင်သည့် အဖွဲ့အစည်း သုံးခုကြားတွင် ပိုမိုကောင်းမွန်သည့် ဆက်ဆံရေး ထူထောင်ရန် အကူအညီပေးမည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်း လုပ်ငန်းစဉ်အပေါ် ယုံကြည်မှုအဆင့် ၁၀% အထိ တိုးမြှင့်နိုင်ရန်။












ပုံ (၁) - ဒေသခံလူထုနှင့်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ပြပုံ (GM Flowchart MM Final ကို ဆိုလိုသည်။)

## ဒေသခံလူထုနှင့်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်

# ၂.၂။ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ

၂၀၁၅ ခုနှစ် မတ်လတွင် MPRL E&P သည် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ စွမ်းဆောင်ရည်ကို အရေးကြီး စွမ်းဆောင်ရည်ပြ အညွှန်းကိန်းများဖြင့် တိုင်းတာမှတ်တမ်းတင်ခြင်း စတင်ခဲ့ပါသည်။ အကြံပြုဆွေးနွေးချက်များ ရရှိ ကြောင်း အသိအမှတ်ပြုရန် ပျမ်းမျှအချိန် (၃ ရက်) သတ်မှတ်ချက်ကို ပြည့်မီခြင်း၊ လုပ်ငန်းစဉ်နှင့် ရလဒ်များအပေါ် အကြံပြု ဆွေးနွေးသူများ၏ ကျေနပ်မှုအဆင့် သတ်မှတ်ချက်ကို ကျော်လွန်ခြင်း (၅၀ ရာခိုင်နှုန်း) တို့ရှိသော်လည်း တိုးတက် လုပ်ဆောင်ရန် လိုအပ်သော နေရာများရှိပါသည်။






| | |
|---|---|
| တင်ပြလာသော အကြံပြုဆွေးနွေးချက်အရေအတွက် | ၇၇ |
| ဆွေးနွေးဖြေရှင်းခဲ့သော အကြံပြုဆွေးနွေးချက်အရေအတွက် | ၇၇ |
| အကြံပြုဆွေးနွေးချက် လက်ခံရရှိကြောင်း အသိပေးရန် သတ်မှတ်ထားသော အချိန်အတိုင်းအတာ အညွှန်းကိန်း (၁ - ၃ ရက်) | ၁ |
| ပြန်လည်ဆွေးနွေးဖြေရှင်းမှုကို အသိပေးရန် သတ်မှတ်ထားသော အချိန်အတိုင်းအတာ (ရက်) အညွှန်းကိန်း (၁၄ ရက်) | ၇ |
| အကြံပြုဆွေးနွေးချက်ကို အပြီးသတ် ပိတ်သိမ်းဆောင်ရွက် ပြီးစီးရန် သတ်မှတ်ထားသောအချိန်အတိုင်းအတာ (ရက်) အညွှန်းကိန်း (၃၀ ရက်) | ၂၃ |
| လျော်ကြေးငွေပေးအပ်ရန် သတ်မှတ်ထားသော အချိန်အတိုင်းအတာ (ရက်) အညွှန်းကိန်း (၇ ရက်) | ၉ |
| လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကျေနပ်မှု ရာခိုင်နှုန်း အညွှန်းကိန်း (၅၀ ရာခိုင်နှုန်း) | ၁၀၀% |
| ရလဒ်နှင့် ပတ်သက်၍ ကျေနပ်မှု ရာခိုင်နှုန်း အညွှန်းကိန်း (၅၀ ရာခိုင်နှုန်း) | ၉၈% |

ဇယား (၁) - အရေးကြီးစွမ်းဆောင်ရည်ပြအညွှန်းကိန်းများ

## ၃။ လက်ရှိတွေ့ကြုံရသောစိန်ခေါ်မှုများ

- သင့်လျော်သော အချိန်အတိုင်းအတာတစ်ခုအတွင်း အကြံပြုဆွေးနွေးချက်များကို ထိရောက်စွာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်ခြင်း။
- မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီကဲ့သို့ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ခြင်း။


## ၄။ အကြံပြုဆွေးနွေးချက်များကိုလက်ခံရရှိခြင်း နှင့် ဆွေးနွေးဖြေရှင်းခြင်း




ပုံ(၂) - အမျိုးအစားအလိုက်လက်ခံရရှိခဲ့သော အကြံပြုဆွေးနွေးချက်များ
(စက်တင်ဘာလ ၂၀၁၄ ခုနှစ် - ဒီဇင်ဘာလ ၂၀၁၇ခုနှစ်)




## လအလိုက် ရရှိ၍ပိတ်သိမ်းခဲ့သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များ (စက်တင်ဘာလ ၂၀၁၄ - ဒီဇင်ဘာလ ၂၀၁၇)




ပုံ(၃) - လအလိုက် ရရှိ၍ ပိတ်သိမ်းခဲ့သော အကြံပြုဆွေးနွေးခြင်းဖြစ်စဉ်များ (စက်တင်ဘာလ ၂၀၁၄ - ဒီဇင်ဘာလ ၂၀၁၇)

MPRL E&P Pte Ltd.   Myanma Oil & Gas Enterprise




ပုံ (၄) - အမျိုးအစားအလိုက် စုစုပေါင်းနှင့် ဖြေရှင်းဆဲအကြံပြုဆွေးနွေးချက်များ (စက်တင်ဘာလ ၂၀၁၄ ခုနှစ် - ဒီဇင်ဘာလ ၂၀၁၇ ခုနှစ်)

# ၅။ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ

- MPRL E&P သည်အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်၏ ထိရောက်မှုကို ကျေးရွာလူထု၏ သိရှိနားလည်မှုအဆင့် ပြောင်းလဲမှုအပေါ် အခြေခံ၍တိုင်းတာမည်ဖြစ်ပါသည်။

- ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ကျေးရွာလူထု၏ သိရှိနားလည်မှုကိုမြင့်တင် ဆောင်ရွက်နိုင်မည့် အကြံပြု ဆွေးနွေးခြင်း လုပ်ငန်း ဆိုင်ရာလှုပ်ရှားမှု တတိယအဆင့် ကို ဇန်နဝါရီလ ၂၀၁၈ တွင်ပြုလုပ်မည်ဖြစ်သည်။




**MPRL E&P Pte Ltd.**

**Vantage Tower -** အမှတ် (၆၂၃)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ် (၀၀၁၄၁)၊ ရန်ကုန်။

ဖုန်း - ၀၁ ၂၃၀ ၇၇၃၃၊ ဖက်စ် - ၉၅ ၁ ၂၃၀ ၇၇၄၄

အီးမေးလ် - mprlstaff@mprlexp.com

www.mprlexp.com mprlep mprlep myanmar_mprlexp